# အမှောင်ခေတ်၏ ဆိုးမွေ

သတင်းရင်းမြစ် >
ဗုဒ္ဓဟူးနေ့၊ စက်တင်ဘာလ ၁၈ ရက် ၂၀၁၃ ခုနှစ် ၀၈ နာရီ ၀၄ မိနစ်

---

မိမိတို့တိုင်းပြည်တွင် ယခင်အစိုးရအဆက်ဆက်က ပြည်ပကုမ္ပဏီအမျိုးမျိုးနှင့် တွဲဖက်လုပ်ကိုင်ခဲ့သမျှ သဘောတူ စာချုပ်များမှာ နှစ်တိုစီမံကိန်းများအပြင် နှစ်ရှည်စီမံကိန်းကြီးများလည်း ပါဝင်ခဲ့သည်။ တစ်ခါတစ်ရံတွင် ထိုစဉ်က အစိုးရများပိုင်သတင်းစာများထဲ၌ ဖက်စပ်လုပ်ကိုင်မည့် သဘောတူစာချုပ်များ အောင်မြင်စွာ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်သည့် သတင်းများကိုမူ တခမ်းတနား ဖော်ပြလေ့ရှိသည်။ သို့သော် မည်သည့် အကျိုးစီးပွားအချိုးအဆကို မည်သူတို့ကခံစားရမည်ဟုလည်းကောင်း၊ ဒေသခံပြည်သူတို့၏ သဘောထား အခြေအနေကိုလည်းကောင်း၊ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ရှိမရှိကိုလည်းကောင်း ဖော်ပြရှင်းလင်းသည့် အဓိကအချက်များကိုမူ ထည့်သွင်း
ဖော်ပြလေ့ လုံးဝမရှိခဲ့ပါ။

ထိုအခါ အကယ်၍ဒေသခံပြည်သူများအတွက် နစ်နာစေသည့် စီမံကိန်းများဖြစ်ခဲ့သည်ရှိသော်၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှုများ ရှိလာခဲ့သည်ရှိသော်၊ တစ်ဖန် ယင်းစီမံကိန်းကြီးများမှရရှိသည့် အကျိုးအမြတ်သည် တိုင်းပြည်အတွက်မဟုတ်ဘဲ လူတစ်စုအတွက်သာ အကျိုးရှိစေသည်ဟု စွပ်စွဲခံရမှုများ ရှိလာခဲ့သည် ရှိသော် နောက်တက်လာသည့် အစိုးရအနေဖြင့်မည်ကဲ့သို့ တာဝန်ယူ ဖြေရှင်းနိုင်ပါမည်နည်း။

ယခုအခါ နိုင်ငံရပ်ခြားကုမ္ပဏီများနှင့် ပူးတွဲလုပ်ကိုင်နေသည့် စီမံကိန်းကြီးများအကြောင်းကို တိုင်းပြည်က တစ်စ တစ်စနှင့် သိရှိလာနေကြပြီ ဖြစ်သည်။ သို့သော်အခြေအနေမှာ မဖုံးနိုင်မဖိနိုင် လောက်အောင် ဖြစ်လာမှသာ တိုင်းပြည်က သိလာကြခြင်းဖြစ်ပြီး ဖုံးလို့ဖိလို့တိုင်းပြည်ကမသိနိုင်သေးသည့် စီမံကိန်းကြီးများက မည်မျှရှိနေ
သေးသည် ကိုမူ မည်သူမျှမသိနိုင်ပါ။ မည်သို့ပင်ဖြစ်စေ ယခုအခါယခင်အစိုးရများ ဆောင်ရွက်ခဲ့သည့် ဆိုးမွေ ကောင်းမွေဟူသမျှ မိမိတို့ပြည်သူများလက်ခံချင်သည်ဖြစ်ပါစေ၊ လက်မခံချင်သည်ဖြစ်ပါစေ လက်ခံနေကြရပြီ ဖြစ်သည်။ ပြဿနာမှာ အကယ်၍ယခင်ကချုပ်ဆိုခဲ့သော နှစ်ရှည်စာချုပ်များအရ လုပ်ကိုင်နေသည့် စီမံကိန်းကြီး များအပေါ် ဒေသခံပြည်သူများက ကန့်ကွက်လာခဲ့သည်ရှိသော်သို့တည်းမဟုတ် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု များဖြစ်ပေါ်လာခဲ့သည်ရှိသော် လက်ရှိ တိုင်းပြည်တာဝန်ရှိသူများသည် မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်း မည်နည်း ဟူသည့် ပြဿနာပင်ဖြစ်သည်။ မိမိတို့၏အမြင်၌ လူတွေလမ်းပေါ်တက် ဆန္ဒထုတ်ဖော်လာကာမှ ပုဒ်မ ၁၈ ဖြင့် အရေးယူဖြေရှင်းခြင်းနှင့် သတင်း အချက်အလက်အမှန်များကို ဆက်လက်အမှောင်ချထားသည့် ဖြေရှင်းနည်း များမှာ လုံလောက်ပြီး မှန်ကန်သည့်ဖြေရှင်းနည်းများ မဟုတ်သည်မှာ သေချာသည်ဟု မြင်ပါသည်။

ယခုအခါ ယင်းယခင်အစိုးရအဆက်ဆက်လက်ထက်က ချုပ်ဆိုလုပ်ကိုင်ထားခဲ့သည့် စီမံကိန်းကြီးများမှာ ယမမင်း ဦးခေါင်းသဖွယ် မိမိတို့ပြည်သူများနှင့် လက်ရှိအာဏာရအစိုးရ၏လက်ထဲ ရောက်နေကြရပြီဖြစ်သည်။ လတ်တလော အားဖြင့်လည်း ရင်ဆိုင်ဖြေရှင်းနေကြရသည့် ထိပ်တန်း ပြဿနာတစ်ခုလည်းဖြစ်သည်။

မိမိတို့ပြည်သူများ တိုင်းပြည်အာဏာပိုင် ပုဂ္ဂိုလ်များသည် ယင်းအမှောင်ခေတ်မှ ချန်ရစ်ခဲ့သည့် ဆိုးမွေများ အပေါ် စိတ်ရှည်သည်းခံခြင်း၊ တရားမျှတခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ ရေရှည်အကျိုးစီးပွားကို ထည့်သွင်း စဉ်းစားခြင်းနှင့် မိမိတို့ပြည်သူများ အမှန်တကယ်မထိခိုက်စေသည့် ဖြေရှင်းနည်းများဖြင့်သာ ကိုင်တွယ် ဖြေရှင်းကြဖို့ လိုအပ်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post
by
Burma News from Mizzima
.